## (၂၇.၁၁.၂၀၂၀) မှ (၃.၁၂.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid–19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၀၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၈၆ ဒေါ်လာအထိ ကျဆင်းလာခဲ့ပြီး ဒီဇင်ဘာလ ၃ ရက်နေ့တွင် ၁၈၂၉ ဒေါ်လာသို့ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၂၈၉၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်နေ့တွင် ၁၂၇၅၀၀၀ ကျပ်သို့ ကျဆင်းလာခဲ့ပြီး ဒီဇင်ဘာလ ၃ ရက်နေ့တွင် ၁၂၉၆၀၀၀ ကျပ်ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်း အခြေအနေများပေါ်တွင် များစွာ မူတည်လျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်အေးလျက်ရှိပြီး ရွှေဈေးမှာလည်း ဆက်တိုက်ကျဆင်းခဲ့ကာ ကျပ် ၁၂၇၅၀၀၀ ဝန်းကျင်အထိ ပြန်လည်ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ပြည်တွင်းရွှေဈေးနှုန်းသည် အမြင့်ဆုံးဈေးအဖြစ် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၂၀၀၀၀ ကျော်သို့ ရောက်ရှိခဲ့ရာမှ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေး ကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးသည်လည်း ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့် ဇူလိုင်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၇၀ ကျော်အထိ အမြင့်ဆုံးဈေးသို့ ရောက်ရှိနေခဲ့ရာမှ လက်ရှိတွင် ၁၈၂၉ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်ကို သိရှိရပါသည်။ ပြည်တွင်းရွှေဈေးမှာလည်း ကမ္ဘာ့ရွှေဈေး ကျဆင်းမှုနှင့်အတူ လိုက်ပါ

ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ကျပ် ၃၀၀၀၀ ခန့် ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ရွှေဈေးကျသော်လည်း ပြည်တွင်းရွှေ အရောင်းအဝယ်မှာ အေးနေကြောင်း သိရှိရပါသည်။ ပြည်တွင်း ရွှေဈေးမှာ တစ်ကျပ်သားလျှင် ၁၂၇၀၀၀၀ ကျပ် ကျော်အထိ ကျဆင်းသွားခဲ့ရာမှ လက်ရှိတွင် ၁၂၉၆၀၀၀ ကျပ်သို့ ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာ့ရွှေဈေးမှာလည်း နိုဝင်ဘာလအတွင်း ဆက်တိုက် ကျဆင်းခဲ့ပြီး တစ်လအတွင်း ပျမ်းမျှအားဖြင့် ကျပ် ၄၀၀၀၀ ကျော်ခန့် ကျဆင်းသွားခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ရွှေဈေး အမြင့်ဆုံး ရောက်ရှိခဲ့သည့် ဩဂုတ်လမှ စတင်ရေတွက်ပါက လေးလအတွင်း ကျပ် ၅၀၀၀၀ ခန့် ဈေးကျခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ **Covid-19** ကာလဖြစ်သည့်အတွက် ရွှေအရောင်း အဝယ်ဈေးကွက်မှာ အေးသည့်အနေအထားတွင် ရှိနေပြီး ကမ္ဘာ့ရွှေဈေး ဆက်တိုက်ကျဆင်းပါက ပြည်တွင်းရွှေဈေးမှာလည်း ဆက်လက် ကျဆင်းသွားဖွယ်ရှိကြောင်း ဈေးကွက်တွင်းမှ သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်–

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၂.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၄ |
| ၂ | ၃.၁၁.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၈၉၆ |
| ၃ | ၄.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၂ |
| ၄ | ၅.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၄ |
| ၅ | ၆.၁၁.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၄၄ |
| ၆ | ၉.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၅၇ |
| ၇ | ၁၀.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၆ |
| ၈ | ၁၁.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၈၁ |
| ၉ | ၁၂.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၆၈ |
| ၁၀ | ၁၃.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၂၈၇၉ |
| ၁၁ | ၁၄.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၉၀ |
| ၁၂ | ၁၆.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၉၇ |
| ၁၃ | ၁၇.၁၁.၂၀၂၀ | ၁၃၁၀၀၀၀ | ၁၈၈၇ |
| ၁၄ | ၁၈.၁၁.၂၀၂၀ | ၁၃၀၉၅၀၀ | ၁၈၈၀ |
| ၁၅ | ၁၉.၁၁.၂၀၂၀ | ၁၃၀၆၀၀၀ | ၁၈၅၅ |
| ၁၆ | ၂၀.၁၁.၂၀၂၀ | ၁၃၀၄၀၀၀ | ၁၈၆၆ |
| ၁၇ | ၂၁.၁၁.၂၀၂၀ | ၁၃၀၅၀၀၀ | ၁၈၇၁ |
| ၁၈ | ၂၃.၁၁.၂၀၂၀ | ၁၃၀၇၀၀၀ | ၁၈၆၈ |
| ၁၉ | ၂၄.၁၁.၂၀၂၀ | ၁၃၀၁၅၀၀ | ၁၈၃၂ |
| ၂၀ | ၂၅.၁၁.၂၀၂၀ | ၁၂၉၉၀၀၀ | ၁၈၃၁ |
| ၂၁ | ၂၆.၁၁.၂၀၂၀ | ၁၂၉၃၀၀၀ | ၁၈၁၈ |
| ၂၂ | ၂၇.၁၁.၂၀၂၀ | ၁၂၈၉၀၀၀ | ၁၈၀၉ |
| ၂၃ | ၂၈.၁၁.၂၀၂၀ | ၁၂၇၈၀၀၀ | ၁၇၈၈ |
| ၂၄ | ၁.၁၂.၂၀၂၀ | ၁၂၇၅၀၀၀ | ၁၇၈၆ |
| ၂၅ | ၂.၁၂.၂၀၂၀ | ၁၂၉၂၀၀၀ | ၁၈၂၄ |
| ၂၆ | ၃.၁၂.၂၀၂၀ | ၁၂၉၆၀၀၀ | ၁၈၂၉ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 % ၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

အမေရိကန်ဒေါ်လာ(USD)တန်ဖိုးသည် လက်ရှိတွင် အကျဘက်သို့ ဦးတည်လျက်ရှိပြီး ဒေါ်လာတန်ဖိုး ထပ်မံ၍ အကျဘက်သို့ ဦးတည်လာနိုင်ချေများလာကြောင်း ဒေါ်လာဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြသည်ကို သိရှိရပါသည်။ ဒေါ်လာတန်ဖိုး ကျဆင်းလာရသည့် အကြောင်းရင်းများတွင် အမေရိကန်နိုင်ငံ၏ ကိုဗစ်-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုမှ ကျားကန်နိုင်ရန်အတွက် ဈေးကွက်နှင့် စီးပွားရေးစနစ်တွင်းသို့ ငွေကြေးပမာဏများစွာ ရိုက်နှိပ်ထုတ်ဝေ ထည့်သွင်းမှုများ ပြုလုပ်ခဲ့ခြင်းကြောင့်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် အမေရိကန်နိုင်ငံ၏ current account လိုငွေပြမှုနှင့် ဘဏ္ဍာရေး လိုငွေပြမှုတို့ရှိနေသည့်အပြင် များမကြာမီ အမေရိကန်အစိုးရက စီးပွားရေးနှိုးဆွ အသုံးစရိတ်ကိုများစွာ အသုံးပြုနိုင်မည့် အနေအထားကလည်း အကြောင်းရင်းတခုဖြစ်ကြောင်း သိရှိရပါသည်။ လတ်တလော စီးပွားရေး နှိုးဆွအစီအစဉ်အတွက် အမေရိကန်နိုင်ငံ၏ အဓိကပါတီကြီးနှစ်ခု၏ သဘောတူညီချက်ရရှိပြီး သုံးနိုင်သည့် ကနဦးဘတ်ဂျတ်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၉၀၈ ဘီလီယံအထိ သုံးနိုင်ရန်ရှိနေခြင်းကလည်း ဒေါ်လာတန်ဖိုးကို အကျဘက်သို့ ပိုမိုဦးတည်လာစေကြောင်း သိရှိရပါသည်။

အမေရိကန်ဒေါ်လာ အညွှန်းကိန်းသည် ၃၂ လအတွင်း အနိမ့်ဆုံးအဆင့်အထိ ကျဆင်းလျက်ရှိပြီး ဒေါ်လာညွှန်းကိန်းအမှတ် ၉၀.၈ အထိ ကျဆင်းခဲ့ပြီး အကျနှုန်း ၅.၇ ရာခိုင်နှုန်းအထိ ရှိနေပြီ ဖြစ်ကြောင်း သိရှိရပါသည်။ Morgan Stanley ဘဏ်ကြီးကလာမည့် ၁၂ လအတွင်း၌ အမေရိကန်ဒေါ်လာ(USD)တန်ဖိုးသည် ၁၀ ရာခိုင်နှုန်းခန့်အထိ အကျထပ်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်ကို သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၆-၁၁-၂၀၂၀ | ၁-၁၂-၂၀၂၀ | ၂-၁၂-၂၀၂၀ | ၃-၁၂-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၃၃၄.၇ | ၁၃၂၀.၉ | ၁၃၂၃.၄ | ၁၃၂၃.၂ | ၀.၆၅ | ↑ |
| ၂ | Thai Baht | THB | ၃၀.၃၀၅ | ၃၀.၂၆၅ | ၃၀.၂၂၅ | ၃၀.၂၀၅ | -၀.၃၃ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၃၉ | ၁.၃၄၀ | ၁.၃၃၉ | ၁.၃၃၈ | -၀.၀၇ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၀၇၁ | ၄.၀၈၁ | ၄.၀၇၈ | ၄.၀၇၂ | ၀.၀၂ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၀၀ | ၁၄၁၃၀ | ၁၄၁၂၅ | ၁၄၁၄၀ | ၀.၂၈ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၅၇၃ | ၆.၅၇၀ | ၆.၅၆၇ | ၆.၅၅၉ | -၀.၂၁ | ↓ |
| ၇ | Indian Rupee | INR | ၇၃.၈၁၈ | ၇၃.၅၈၀ | ၇၃.၇၃၅ | ၇၃.၉၁၄ | ၀.၁၃ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၄.၂၉၂ | ၁၀၄.၂၂၁ | ၁၀၄.၅၆၇ | ၁၀၄.၃၂၉ | ၀.၀၄ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၅၈ | ၁.၃၅၇ | ၁.၃၅၅ | ၁.၃၄၇ | -၀.၈၁ | ↓ |
| ၁၀ | Euro | EUR | ၀.၈၃၈ | ၀.၈၃၅ | ၀.၈၂၃ | ၀.၈၂၅ | -၁.၅၅ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၄၈ | ၀.၇၄၆ | ၀.၇၄၈ | ၀.၇၄၆ | -၀.၂၇ | ↓ |

Source- Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၃၄.၇ ကျပ်ရှိခဲ့ရာမှ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၃.၂ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၆၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-




၁၄။ ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၁၉ ကျပ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၃ ကျပ်၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၅ ကျပ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၀ အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**